# အသုံးများတဲ့ဝါး
# နည်းလမ်းမှန်စွာစိုက်ပျိုးထား

ဒေါက်တာ ချစ်



**ပျိုးထောင်ပြီး စိုက်ပျိုးခြင်း**


ပျိုးထောင်ပြီး စိုက်ပျိုးလိုပါက မျိုးပင်အဖြစ် အသုံးပြုမည့် ဝါးပင်အသက်သည် တစ်နှစ်မှ သုံးနှစ်သားအတွင်း ဖြစ်ရမည်။ ဝါးပင်သက်တမ်းတွက်ရန် နောက်ဆုံးထွက်သော ကိုင်းပေါ်မှ အရွက်နေရာများကို ရေတွက်၍ တစ် ပေါင်းထည့်ရသည်။ မျိုးဝါးပင်ကို ခုတ်ယူပြီး ခြောက်မသွားစေရန် အဝတ်စကို ရေဆွတ်ပြီး ပတ်ထားရမည်။ တစ်ရက်အတွင်း ပျိုးထောင်နိုင်အောင် စီစဉ်ရမည်။ မျိုးဝါးလုံးကို နှစ်ဆစ်ပါ အပိုင်းများအဖြစ် ဓားပြတ်ပြတ်ဖြင့် ခုတ်ဖြတ်ရမည်။ အဆစ်အပြင်ဘက်ရှိ အစွန်းသည် နှစ်လက်မ သို့မဟုတ် နှစ်လက်မခွဲခန့်စီ ရှည်ရမည်။ ဝါးမျိုးဖြတ်ပိုင်းရှိ အဆစ်နှစ်ဆစ်ကြားတွင် လက်မဝက်ခန့်အရွယ်ရှိ အပေါက်တစ်ပေါက် ဖောက်ပြီး၊ အမြစ်ဟော်မုန်းဆေးကို ထမင်းစားဇွန်းနှင့် ခြောက်ဇွန်းခွဲခန့် ထည့်၍ ပလတ်စတစ်စ၊ ကြွပ်စ စသည်ဖြင့် အရည်လုံအောင် ပိတ်ထားရမည်။ ထို မျိုးပိုင်းများကို အလျားလိုက်ထားပြီး အပေါက်ကို အပေါ်သို့ လှည့်ရမည်။ မြေကြီး သုံးဆ၊ သဲ တစ်ဆ ရောမွှေပြီး ပျိုးဘောင်ကို ကြိုတင်လုပ်ထားရမည်။ ပျိုးဘောင်သည်

၃၃ ပေ အရှည်၊ သုံးပေခွဲခန့် အကျယ်၊ တစ်ပေခန့်အမြင့် ရှိသင့်သည်။ ထိုပျိုးဘောင်ကို မြကောင် မတက်စေရန်၊ ဖော်လ်ဗရင်းမှိုရောဂါ မကျရောက်စေရန် ဘာဗစ်စတင်ဆေးတို့ကို သီးခြားစီ ထည့်ပေးထားရမည်။ ပျိုးဘောင်ပေါ်တွင် စင်လုပ်ပြီး အရိပ်ကျဲကျဲရအောင် ၅၀ ရာခိုင်နှုန်း အမိုး မိုးထားရမည်။

ပျိုးဘောင်ကို ရေနူးအောင် လောင်းထားရမည်။ ထိုပျိုးဘောင်ပေါ်တွင် ကန့်လန့်ဖြတ်၍ ဝါးမျိုးပိုင်းများကို တုံးလုံးလဲချပြီး မြေတွင် မြုပ်ရုံသာ စိုက်ရမည်။ တစ်ဘောင်လျှင် မျိုးပိုင်း ၅၀ မှ ၆၀ ခန့် ဝင်ဆံ့သည်။ ပျိုးဘောင်ကို အပေါ်ယံမြေ ခြောက်သွားလျှင် ရေဖျန်းပေးရမည်။ ရေတစ်ကြိမ်ဖျန်းလျှင် နှစ်ပုံးမှ သုံးပုံး (ရှစ်ဂါလန်မှ ၁၂ ဂါလန်ခန့်) ကုန်နိုင်သည်။ ပျိုးပင်သက်တမ်းတစ်လျှောက်လုံး ပေါင်းမြက်ကို ရှင်းလင်းပေးရမည်။

ပျိုးပင်များသန်မာစေရန် နွားချေးဆွေးမြေဩဇာ သုံးပြည်ခန့်ကို ပျိုးဘောင်ပေါ်တွင် ကြဲပက်ပေးရသည်။ ညှိုးသေရောဂါနှင့် မြစ်ပုပ်ရောဂါမဖြစ်စေရန် မှိုသတ်ဆေး တစ်မျိုးမျိုးကို သုံးစွဲရသည်။ ပိုးသတ်ဆေးအဖြစ် မီသိုင်းပါရာသီယွန်ကို သုံးစွဲရသည်။ အပင်ပေါက်ရန် ခုနစ်ရက်မှ နှစ်လခန့်အထိ ကြာနိုင်သည်။ အပင်များပေါက်ပြီးနောက် အတန်ကြာမှ အမြစ်များထွက်သည်။

အပင်ပေါက်များ တစ်ပေခန့် မြင့်လာမှ ပြောင်းရွှေ့ စိုက်ပျိုးနိုင်သည်။ ပြောင်းရွှေ့ စိုက်ပျိုးရန် တစ်ပတ်၊ နှစ်ပတ် အလိုမှစ၍ ရေကို လျှော့၍ လောင်းရသည်။ နှစ်ပတ်၊ သုံးပတ် အလိုမှစ၍ မိုးထားသော အရိပ်ကို ဖယ်ရှားပေးရသည်။ ပျိုးပင်များကို မိုးလုံလောက်စွာ ရရှိနိုင်သော ဩဂုတ်လနှင့် စက်တင်ဘာလ တို့တွင် ပြောင်းရွှေ့စိုက်ပျိုးနိုင်သည်။



**ပျိုးပင်စိုက်ပျိုးခြင်း**

ပျိုးပင်စိုက်ပျိုးရန် အနည်းဆုံး တစ်ပေပတ်လည်အကျယ်၊ တစ်ပေအနက်ရှိသော ကျင်းတူးပြီး မြေဆွေး ထည့်ထားရမည်။ **‘ငှက်ပျော တစ်နှိုက်၊ အုန်း၊ ဝါး**

**ထန်နိုက်**' ဟု ခေါ်ဆိုရှိသည်။ ဝါးပင်ပေါက်များကို စိုက်ပျိုးပြီး မြေရှိုးချွင်မြေနှင့်မနင်းရသဲ ရေဝဝဖောင်းသာ လောင်းပေးခြင်းဖြင့် မြေကို သိပ်သည်းစေရသည်။ အဆို့ပေါက်ကို စိုက်ပျိုးပါက သုံးပေခန့်ဖြင့် အဖြစ်မယိုင်လဲစေရန် တုတ်စိုက်၍ ချည်နှောင်ပေးရမည်။ မြေခြောက်မသွားအောင် စိုက်ပြီးနောက် သုံးလ၊ ခြောက်လခန့်အထိ ရေလောင်းပေးရမည်။ ပိုမိုဖြစ်ထွန်းစေရန် ဝါးတစ်ပင်လျှင် နွားချေးဆွေး တစ်ပြည်နှုန်း၊ တစ်ရုံလျှင် လေးပြည်နှုန်းဖြင့် ထည့်ပေးရသည်။

**ဒေါက်တာ ချစ်**

**[ဒေါက်တာ ချစ် ရေးသားသည့်ကျေးလက်စီးပွားပြည်သူ့အား စာအုပ်မှ ထုတ်နုတ်ဖော်ပြသည်။]**

---


**စာပေရေချမ်းစင်အပါအဝင်**

**စာပေဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊**

**စာပေဆုချီးမြှင့်နိုင်ရေးဆောင်ရွက်နေမှုများနှင့်**

**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏**


**ဆောင်ရွက်နေမှုအရပ်ရပ်ကို**

**www.moi.gov.mm/ppe Website တွင်**

**ဝင်ရောက်ကြည့်ရှု၍ လိုအပ်ချက်များအား**

**အကြံပြုနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ



# တာပေရေချမ်းစင်

တာစဉ်

အတွဲ ၂၊ အမှတ် ၈။ ၂၀၀၄ ဇူလိုင်၊ ဩဂုတ်လ (၁) ရက်။